မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

UMFCCI အဆောက်အအုံ၊ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်၊ မြန်မာ

# FOR IMMEDIATE RELEASE (ချက်ခြင်းသတင်းထုတ်ပြန်ကြေငြာချက်)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ဒုတိယအကြိမ်မြောက် နှစ်ပတ်လည် ဆုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာလ (၂၄) ရက်နေ့တွင် Summit Parkview Hotel တွင်ကျင်းပခဲ့ပါသည်။

ဤဆုပေးပွဲနှင့် ညစာစားပွဲကို အထည်ချုပ်လုပ်ငန်းရှင်များနှင့် ပတ်သက်ဆက်နွယ်နေသော လုပ်ငန်းများမှ ပိုင်ရှင်များနှင့် အစိုးရအဖွဲ့ဝင်များမှ တက်ရောက်ပြီး အနိုင်ရရှိသော စက်ရုံများ၏ လူမှုကျင့်ဝတ်ဆိုင်ရာ စည်းကမ်းလိုက်နာမှုများကို အသိမှတ်ပြု ချီးမြှင့်ခဲ့ပါသည်။

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းသည် ယခင်နှစ်ကဲ့သို့ပင် ယခုနှစ်မှာလည်း နှစ်စဉ်ဆုပေးပွဲ အခမ်းအနားကို အောက်တိုဘာ (၂၄) ရက်နေ့ ညနေ ၆နာရီ မှ ၉နာရီအထိ တက်ရောက်သူအရေအတွက် ၂၃၀ ခန့်နှင့် Summit Park View Hotel ၌ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ဤအခမ်းအနားတွင် သမ္မတအကြံပေး ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် မှလည်း မိန့်ခွန်းချီးမြှင့်ပြီး တက်ရောက်သူများအနေနှင့်လည်း စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ တစ်ခု ဖြစ်ခဲ့ပါသည်။

“SMART Award 2015” ဆုကို လူမှုကျင့်ဝတ်ဆိုင်ရာ စည်းကမ်းလိုက်နာမှုများကို နားလည်ပြီး တိုးတက်ပြောင်းလဲမှုများကို ပြုလုပ်ရာတွင် အတွင်ကျယ်ဆုံး ဖြစ်သည့် စက်ရုံကို ပေးအပ်ချီးမြှင့် ခဲ့ပါသည်။ နှစ်သိမ့်ဆု ‘honorable mention’ ကို အလုပ်သမားစာချုပ်များနှင့် လုပ်ငန်းခွင်နေရာအခြေအနေ အကောင်းဆုံး နှင့် လေ့ကျင့်လုပ်ဆောင်မှုဆိုင်ရာ အကောင်းဆုံး ဆုအဖြစ် ပေးအပ်ခဲ့ပါသည်။

ပြိုင်ပွဲဝင် စက်ရုံများ၏ ပါဝင်ယှဉ်ပြိုင် လျှောက်ထားချက်များသည် အမှန်တကယ်ဆောင်ရွက်မှု ရှိမရှိ သေချာစေရန် SMART MYANMAR မှ လူမှုရေးဆိုင်ရာ လေးစားလိုက်နာမှုဆိုင်ရာ ကျွမ်းကျင်သူများမှ တင်းကျပ်စွာ စည်းမျဉ်းစည်းကမ်းများနှင့် အညီရွေးချယ်ခဲ့ပါသည်။

ထိုပွဲသည် မြန်မာ့အထည်ချုပ်လုပ်ငန်း၏ စီးပွားရေးချိတ်ဆက်မှုဆိုင်ရာ ကြီးကျယ်ခမ်းနားသော နှစ်ပတ်လည်ပွဲ ဖြစ်ပါသည်။ Sponsor များအနေဖြင့် TUV SUD, Maersk Line, OV Logistics, Luther Law, Fine 9 Consulting, and BLX Labels တို့မှ ပါဝင်ခဲ့ပြီး EU Project ဖြစ်သော SMART MYANMAR အဖွဲ့အစည်းမှ ဆုများကို sponsor အဖြစ်အဓိကတာဝန်ယူဆောင်ရွက်ခဲ့ပါသည်။